မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

October 27, 2025 — Volume 95, Number 16


| ၂၇. ၁၀.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၀.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၇.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၅.၉၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၅၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဆန်၊ မြေပဲ၊ ပြောင်း ဈေးကွက်အခြေအနေ သုံးသပ်ချက်




**ဆန်**

ဆန်ဈေးကွက်ကတော့ ပြည်ပကို ဆန်တင်ပို့မှု ပမာဏမြင့်နေပေမဲ့လည်း ပြည်တွင်းဈေးကွက်မှာဆန်ကိုဝယ်လိုအား အလွန်လျော့ကျလာနေတယ်လို့ သိရပါတယ်။

ဝယ်လိုအားလျော့ကျတဲ့အပြင် ဈေးနှုန်းကလည်း အကျမှာပဲရှိနေသေးတယ်လို့ သိရပါတယ်။

ဆန်ကို လက်ကားဝယ်ယူမှုအလွန်နည်းသွားပြီး လက်လီသာ အရောင်းအဝယ်ရှိနေတာဖြစ်ပါတယ်။ လက်ရှိဆန်ဈေးကွက်မှာက ရွှေဘိုပေါ်ဆန်း၊ ရောပဒေသာ ၊ ရောဝတီပေါ်ဆန်း ၊ကောက်ညှင်းဆန်တွေသာ ဈေးမြင့်တက်နေပြီးကျန်တဲ့ ပြည်ပတင်ပို့မှုရှိတဲ့ ဆန်နဲ့ ပြည်တွင်းစားသုံးမှုရှိတဲ့ဆန်တွေက ဈေးကွက်ကျနေတာဖြစ်တယ်လို့ သိရပါတယ်။

**မြေပဲ**

ပြည်တွင်း ကုန်စည်ဒိုင်တွေကို မိုးမြေပဲအသစ်တွေ ဒေသအစုံကနေ ဝင်ရောက်မှုရှိနေပေမဲ့လည်း မြေပဲဈေးကအတက်ဘက်ကို လှုပ်လာတယ်လို့သိရပါတယ်။

မိုးလွတ်မြေပဲ၊ အရည်အသွေးကောင်းတဲ့မြေပဲတွေ ဈေးကောင်းရနေပြီး အရည်အသွေးနိမ့်ကုန်ပစ္စည်းကတော့ ဈေးနည်းတယ်လို့သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ S1 ဆန်ဖြူတစ်ပိဿာကို ကျောက်ပန်းတောင်းဒေသထွက် တစ်ပိဿာကို ၇၉၀၀ မှ ၈၀၀၀ ကျပ်ရှိပြီး နွားထိုးကြီးဒေသထွက် မြေပဲဆန်က

တော့ တစ်ပိဿာကို ၈၁၀၀ မှ ၈၂၅၀ ကျပ်နဲ့ မြင်းမူ မြေပဲဆန်က ၈၃၀၀ မှ ၈၄၀၀ ကျပ်ရှိနေပါတယ်။S1ဆီဆန်ကို ၇၂၀၀ မှ ၇၅၀၀ ကျပ် ၊ ၇၆၀၀ မှ ၇၇၀၀ ကျပ်နဲ့ ဈေးတန်းနှစ်မျိုးဖွင့်ထားပြီး အနီလုံးဆန်ကတော့ ၇၈၀၀ ကျပ်မှ ၈၃၀၀ ကျပ်ရှိတယ်လို့ သိရ ပါတယ်။

**ပြောင်း**


ပြောင်းဆန်ကတော့ အခုတစ်ပတ်မှာ မန္တလေးဈေးကွက်မှာ အတက်ပြပြီး ရန်ကုန်ဈေးကွက်မှာ ဈေးထပ်ကျတာတွေ့ရပါတယ်။ အရည်အသွေးကောင်းတဲ့ပြောင်း အခြောက် တွေက ဝယ်လိုအားရှိပြီး ဈေးအတက်ပြတာ ဖြစ်တယ်လို့သိရပါတယ်။

ပြောင်းဆန်ကိုပြည်တွင်းကုန်သည်တွေ၊ ပို့ကုန်သမားတွေ၊ အစာစပ်စက်ရုံတွေကဝယ်ယူမှုရှိနေပါတယ်။ ထိုင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ ပြောင်းဆန်တင်ပို့ခွင့် ကုန်ဆုံးသွားပြီဖြစ်တဲ့ အတွက် ပြောင်းဆန်ပြည်ပ တင်ပို့မှုကတော့ လျော့ကျနေပါတယ်။

မန္တလေးကုန်စည်ဈေးကွက်မှာ ပြောင်း ( ရှမ်း)နဲ့ ပြောင်း ( CP) က တစ်အိတ်ကို ၇၄,၀၀၀ မှ ၇၅,၀၀၀ ကျပ်နဲ့ အရင်တစ်ပတ်ကထက် ၁၀၀၀ ကျပ်အတက်ပြပါတယ်။ပြောင်း ( ဗမာ) ကတော့ ဈေးတန်းဖွင့်ထားခြင်း မရှိပါဘူး။ ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာက ပြောင်းတစ်ပိဿာကို ၁၄၄၀ ကျပ်မှ ၁၄၆၀ ကျပ်ဈေးရှိပါတယ်။

**Source:** https://htwettoe.com/

## မကွေး၌ ပဲဆီနှမ်းဆီဈေးကျသော်လည်း ဝယ်ယူစားသုံးမှုနည်းပါးနေ



မကွေးတိုင်းဒေသကြီးအတွင်းမှာ မိုးမြေပဲနဲ့မိုးနှမ်းတွေ ထွက်ရှိပြီးနောက်ပိုင်း ပဲဆီ၊နှမ်းဆီဈေးကျဆင်းလာပေမဲ့ ဝယ်ယူစားသုံးမှုနည်းနေတယ်လို့ ဆီစက်လုပ်ငန်းရှင်တွေကဆိုကြနေ သိရပါတယ်။

အခုလက်ရှိ မကွေးမြို့မှာ ပဲဆီတစ်ပိဿာကို ကျပ် ၁၄,၀၀၀ ဝန်းကျင်၊ နှမ်းဆီတစ်ပိဿာကို ၁၅,၀၀၀ ကျပ်ဝန်းကျင် ဈေးရှိနေတာပါ။ ပဲဆီ၊ နှမ်းဆီဈေးကျပေမဲ့လည်း အခြေခံအိမ်ထောင်စုအများစုကတော့ ဈေးနှုန်းပိုမိုသက်သာတဲ့ စားအုန်းဆီပဲ ဝယ်ယူစားသုံးမှုများတယ်လို့ သိရပါတယ်။

အရင်နှစ်ကနဲ့ယှဉ်ရင် ပဲဆီ၊ နှမ်းဆီရောင်းအားက တော်တော်ကျသွားတယ်လို့ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

အခြေခံအိမ်ထောင်စုတွေကတော့ ဈေးသက်သာတဲ့စားအုန်းဆီကိုပဲ ဝယ်ယူစားသုံးကြပြီး ကျန်းမာရေးရှုထောင့် ဆိုတာထက် တစ်မိသားစုလုံး ဝမ်းဝဖို့အရေးကိုပဲ ရတဲ့လုပ်အားခနဲ့ အဆင်ပြေအောင် စားသောက်နေရတယ်လို့ အိမ်ရှင်မတစ်ယောက်က ပြောပါတယ်။

မကွေးတိုင်းဒေသကြီးက ထွက်ရှိတဲ့ ပဲဆီ၊ နှမ်းဆီကို ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးစတဲ့ ဒေသတွေကိုလည်း တင်ပို့ရောင်းချကြတာ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ပင်စိမ်းပင် စိုက်ပျိုးမှုနှင့်အကျိုးအမြတ်



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်အတွင်းရှိ ကျေးရွာ အများစုတွင် မိသားစု တစ်နိုင်တစ်ပိုင်အဖြစ် ပင်စိမ်းပင်များကို စိုက်ပျိုးကြသည်။

ဇလွန်မြို့နယ် ဒေသတွင်း စိုက်ပျိုးသော ပင်စိမ်းပင်များသည် ဟင်းစားပင်စိမ်းကိုသာ စိုက်ပျိုးကြပြီး တစ်ပြည်လျှင် ၅၃,၀၀၀ ကျပ်ဖြင့် ဝယ်ယူရသည်။ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး သုည ဒသမ ၂၀ ကေလျှင် တစ်ပြည်ကြဲပက်ရသည်။

စိုက်ပျိုးပြီး ၂ လခွဲအကြာ တွင် ခူးဆွတ်နိုင်ပြီး တစ်လလျှင်နှစ်ကြိမ် အညွန့်ချိုးရသည်။အပင်သက်တမ်း တစ်နှစ်ကျော် ကြာမြင့်စွာ ရှင်သန်နိုင်ပြီး ပင်စိမ်း ညွန့်များ စတင်ခူးဆွတ်ချိန်တွင် အညွန့် ၅၀၀ ခန့်ဝင်ဆံ့သောခြင်းတောင်းဖြင့်၇ ခြင်းမှ ၈ ခြင်း ထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ပင်စိမ်းပင်သည် သက်တမ်းရင့်လေအညွန့်အရေအတွက်ပိုမိုထွက်ရှိလေဖြစ်သောကြောင့် အကျိုးအမြတ်များကြောင်း၊ ပထမအကြိမ်စတင်ခူးဆွတ်ချိန်တွင် အညွန့် ၅၀၀ တစ်ခြင်းလျှင် ၁၂,၀၀၀ကျပ် ဝန်းကျင်ဈေးနှုန်းဖြင့် လက်ကား ရောင်းချရသည် ဟု စိုက်ပျိုးသူ တောင်သူများထံက သိရသည်။

အပင်မျိုးသန့်သောကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိသည့်အတွက် မိသားစုဝင်ငွေတိုးသော တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း သိရသည်။

**Source : DOCA ဧရာဝတီ**

## စိန်ရွှေရတနာဆိုင်များ ဝန်ကြီးဌာနပြေစာဖြင့်သာ ရောင်းဝယ်ရမည်




ပြည်တွင်းက ရွှေထည်၊ ကျောက်မျက်ရတနာ အရောင်းဆိုင်တွေအနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက ထုတ်ပေးတဲ့ ပြေစာတွေနဲ့ပဲ အရောင်းအဝယ်ပြုလုပ်ရမှာဖြစ်တယ်လို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကနေ သိရပါတယ်။

ရွှေအရောင်းအဝယ်ပြေစာမှာ ရွှေဆိုင်အမည်၊ ဝယ်ယူသူ(သို့မဟုတ်)ရောင်းချသူအမည်၊ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနဲ့ဖုန်းနံပါတ်တွေအပြင် ရွှေအမျိုးအစား၊ ရွှေဈေးနှုန်း၊ ပစ္စည်းအမှတ်အသား၊ ကျသင့်ငွေ၊ လက်ခအလျော့တွက်၊ အခွန်စတာတွေကို ဖြည့်သွင်းရမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် ရွှေဆိုင်တွေအနေနဲ့ နေ့စဉ်ရွှေဆိုင်ဖွင့်လှစ်ပြီး သတ်မှတ်ဈေးနှုန်းနဲ့ပဲ ရောင်းချရမှာဖြစ်သလို လိုအပ်တဲ့လုပ်ငန်းလိုင်စင်တွေကိုလည်း လျှောက်ထားဆောင်ရွက်ကြဖို့ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က အသိပေးထားပါတယ်။

ဒါ့ပြင် သက်ဆိုင်ရာဌာနဆိုင်ရာတွေက လာရောက်စစ်ဆေးတဲ့အချိန်မှာ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်တာမရှိရင် ထိရောက်စွာ အရေးယူခံရနိုင်တယ်လို့လည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

**Source :** https://onenewstvchannel.com/

## နေပြည်တော်ကုန်စိမ်းဈေးကွက်သို့ အောင်ပန်းမှကုန်စိမ်းအဝင်ပုံမှန်ရှိနေ



နေပြည်တော်၊ ကုန်စိမ်းဈေးကွက်အတွင်း ဝင်ရောက်သည့် ရှမ်းဘက်မှ ကုန်စိမ်းများတွင် အောင်ပန်းဒေသထွက် ကုန်စိမ်းများပုံမှန်ရှိကြောင်း ကုန်ပို့ဆောင်သူများထံကသိရပါတယ်။

"နေပြည်တော်ကုန်စိမ်းဈေးကွက်မှာ တောင်ကြီး၊ အင်းလေး၊ ပြင်ဦးလွင်၊ အောင်ပန်းစတဲ့ရှမ်းကုန်စိမ်းဝင်ပေမဲ့ အောင်ပန်းကလာတဲ့ကုန်စိမ်းက အဝင်များတယ်၊ ရှမ်းကုန်စိမ်းကနေပြည်တော်စားသောက်ဆိုင်၊ ဟိုတယ် စတာတွေက အသုံးများတယ်၊ တစ်ပတ်ရှမ်းကုန်စိမ်းကားနှစ်စီး

လောက်ပုံမှန်အဝင်ရှိတယ်”ဟု အဟာရသုခကုန်စိမ်းဒိုင်များထံက သိရသည်။

ရှမ်းပြည်နယ်အောင်ပန်းမှဝင်ရောက်သည့် ရှမ်းကုန်စိမ်းများမှာ ဂေါ်ဖီ၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ရွှေပဲ၊ပဲလိပ်ပြာ၊ ပဲတောင့်ရှည်၊ ဂေါ်ရခါးသီး၊ ဂေါ်ရခါးညွှန့်၊ ဂျူးမြစ်၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ငရုတ်တောင့်ရှည်၊ ငရုတ်ပွ၊ ခရမ်းသီး၊ ရှမ်းနံနံစသည့်ကုန်စိမ်းများ ဖြစ်ပြီး စားသောက်ဆိုင်များအတွက် မရှိမဖြစ်ကုန်စိမ်းများဖြစ်သည့်အတွက် ဝယ်လိုအားများသည့် ကုန်စိမ်းများဖြစ်ကြောင်း သိရသည်။

“ရှမ်းကုန်စိမ်းဆိုတာက စားသောက်ဆိုင်တွေအတွက် မရှိမဖြစ်တဲ့ကုန်စိမ်းတွေမို့ အပတ်စဉ်ကုန်စိမ်းကားက နှစ်စီးလောက် ပုံမှန်နေပြည်တော်၊ ပျဉ်းမနားကုန်စိမ်းဈေးမှာဝင်နေကြ အာဟာရသုခဈေးကနေပြီး နေပြည်တော်မြို့နယ်တွေမှာရှိတဲ့ ဈေးတွေကို တစ်ဆင့်သွားကြသလို၊ ကုန်စိမ်းဒိုင်တွေကနေ စားသောက်ဆိုင်နဲ့ဟိုတယ်တွေကို နေ့စဉ်ပို့ပေးနေရတယ်” ဟု အာဟာရသုခဈေးမှ ကုန်စိမ်းကယ်ရီပို့ပေးနေသည့်သူတစ်ဦးက ပြောသည်။

**Source :** https://opinionleadersmedia.com/

## ထရမ့်က တရုတ်အပေါ် အကောက်ခွန်နှုန်း ၁၃၀ ရာခိုင်နှုန်း ကြေညာခဲ့ခြင်းက ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲကို တစ်ဖန်ပြန်အသက်ဝင်လာစေခဲ့

တရုတ်-အမေရိကန် နှစ်နိုင်ငံကြား လအတန်ကြာ ကုန်သွယ်ရေးစစ်ပွဲ ရပ်တန့်နေပြီးနောက် ပြီးခဲ့သည့် သောကြာနေ့က ထရမ့်၏ လူမှုကွန်ရက်တွင် နိုဝင်ဘာလ ၁ ရက်နေ့ သို့မဟုတ် ပိုမိုဆောလျင်သော ကာလ၌ အမေရိကန်သည် တရုတ်ကုန် ပစ္စည်းများ အပေါ် လက်ရှိစည်းကြပ်ခွန် ၃၀ ရာခိုင်နှုန်းထက် ၁၀၀ ရာခိုင်နှုန်း ပိုမိုစည်းကြပ်သွားမည်ဖြစ်ကြောင်းနှင့် အရေးကြီးဆော့ဖ်ဝဲလ် အားလုံးကို ပို့ကုန်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ထရမ့်၏ ကြေညာချက်သည် တရုတ်က မြေရှားသတ္တုအား ပို့ကုန်ထိန်းချုပ်မှုနှင့် ဆက်စပ်နေပြီး ထရမ့်နှင့် တရုတ်သမ္မတ တို့၏ ယခုလနှောင်းပိုင်းတွင် တောင်ကိုရီးယား၌ တွေ့ဆုံမှုလည်း ပျက်ပြယ်ခဲ့သည်။

ယခုကြေညာချက်ကြောင့် စတော့ရှယ်ယာဈေးကွက်များလည်း ကျဆင်းသွားကာ တရုတ်ကုန် စည်များအပေါ် စည်းကြပ်ခွန်များ ၁၄၅ ရာခိုင်နှုန်း အထိ မြင့်တက်ပါက ရင်းနှီးမြှုပ်နှံသူများ၊ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိုးရိမ်ဖွယ်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံ နှစ်ခုဖြစ်သော အမေရိကန်နှင့် တရုတ်တို့သည် အပြန်အလှန် မှီခိုနေပြီး မကြာ သေးမီကမှ မက္ကဆီကိုသည် တရုတ်နိုင်ငံအစား အမေရိကန်သို့ နိုင်ငံခြားကုန်စည် ထိပ်တန်းတင်ပို့သူဖြစ်လာသည်။

အမေရိကန်သည် တရုတ်မှ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်နှင့် ပရိဘောဂများ အဓိကဝယ်ယူပြီး ထရမ့်က တရုတ်ကုန် ပစ္စည်းများအပေါ် ကနဦး အကောက်ခွန် ၁၄၅ ရာခိုင်နှုန်း စည်းကြပ်ချိန်တွင် လျှပ်စစ်ပစ္စည်းများကိုမူ အကောက်ခွန် ၂၀ ရာခိုင်နှုန်းသာ စည်းကြပ်ခဲ့သည်။

ယင်းက အကောက်ခွန်မြင့်မားမှုကြောင့်ဖြစ်လာသော အမေရိကန်စီးပွားရေးအပေါ် ထိခိုက်မှုကိုထရမ့်အစိုးရ၏ အသိအမှတ် ပြုမှုတစ်ခုဖြစ်သည်။

ထို့နောက် မေလတွင် အမေရိကန်နှင့် တရုတ်အပြန်အလှန်အခွန်အခများ လျှော့ချရန် သဘောတူညီခဲ့ကာ တရုတ်က အမေ ရိကန် ပို့ကုန်များအပေါ် စည်းကြပ်ခွန် ၁၂၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း သို့လည်းကောင်း၊အမေရိကန်ကတရုတ်ပို့ကုန်များအပေါ် ၁၄၅ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်း သို့လည်းကောင်း လျှော့ချခဲ့သည်။ နှစ်နိုင်ငံလုံး၏ စတော့ဈေးကွက်များလည်း အပြိုင် ကျဆင်း ခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အပေါ် အမေရိကန်၏ မျှော်လင့်ချက်မှာ တရုတ်၏ မြေရှားသတ္တုတင်ပို့မှု တိုးမြင့်ရန်ဖြစ်သော်လည်း နှစ်နိုင်ငံကြား မကြာခဏ ဆက်ဆံရေးပြတ်တောက်မှုများကြောင့် အမေရိကန်က တရုတ်သည် သဘောတူညီချက်ပါစည်းကမ်းများကို ချိုးဖောက်သည်ဟုစွပ်စွဲခဲ့ကာ Nvidia AI ချစ်ပ်အပါအဝင် အမေရိကန်နည်းပညာများ ရောင်းချမှုကို ကန့်သတ်ခြင်းဖြင့် ကနဦးတုံ့ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

ထပ်မံ၍ထရမ့်အစိုးရက တရုတ်ပိုင် သို့မဟုတ် တရုတ်ဦးစီးလုပ်ကိုင်သော သင်္ဘောများဖြင့် ပို့ဆောင်သည့် ကုန်စည်များကို မကြာမီ အခကြေးငွေ ကောက်ခံတော့မည်ဟု ကြေညာခဲ့သလို တရုတ်ကလည်း အမေရိကန်သင်္ဘောများကို အပြန်အလှန် ကြေညာခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့၏ ယှဉ်ပြိုင်မှုတွင် လက်ရည်တူနေသော်လည်း ထရမ့်၏ ဆန္ဒအလျောက် အခွန်စည်းကြပ်မှုသည် ပြည်တွင်းတရားရုံးစီရင်ချက်တစ်ခုကြောင့် မကြာမီအဆုံးသတ်နိုင်ပြီး သမ္မတရှီတွင်မူ အလားတူကန့်သတ်ချက်များ မရှိကြောင်း CNN သတင်းတစ်ပုဒ်က ဖော်ပြထားသည်။

**Source : CNN**

https://commerce.gov.mm/

## ဗီယက်နမ်စားသုံးသူများထံရောက်ရှိရန်ရှိသည့် ပိုလန်ဘလူးဘယ်ရီသီးများ



ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (EVFTA) အသက်ဝင်ပြီးနောက် ဗီယက်နမ်သည်ပိုလန်ထံမှ လတ်ဆတ်သောဘလူးဘယ်ရီသီးများ တရားဝင်တင်သွင်းရန် လိုင်စင်ရရှိခဲ့ပြီး နှစ်နိုင်ငံကြား စိုက်ပျိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်းသိရသည်။

ပိုလန်ရှိဗီယက်နမ်ကုန်သွယ်ရေးရုံး၏အဆိုအရ ဗီယက်နမ်နှင့် ပိုလန်အစိုးရသည် ပိုမိုမျှတသောကုန်သွယ်ရေး ဆက်ဆံမှုရရှိရန် စီမံချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

စီမံချက်များထဲမှ တစ်ခုသည် ပြည်တွင်းထုတ်လုပ်မှုကို တိုက်ရိုက်မယှဉ်ပြိုင်နိုင်သည့် စက်ပစ္စည်းများ၊ တပ်ဆင်ပစ္စည်းများကို တင်သွင်းမှုတိုးချဲ့ရန်ဖြစ်ကြောင်း သိရသည်။

ထို့မဟာဗျူဟာအရ ပိုလန်ရှိဗီယက်နမ်သံရုံးသည် ပိုလန်၏အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များကို ဗီယက်နမ်စားသုံးသူများအတွက်တင်သွင်းရာတွင် လွယ်ကူချောမွေ့စေရေးအတွက် နှစ်နိုင်ငံစလုံးမှစိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းသည်အပြန်အလှန်ကုန်သွယ်ရေးဆက်နွယ်မှုအားကောင်းစေရုံသာမက ဗီယက်နမ် စားသုံးသူများအား ကျယ်ပြန့်သော သမပိုင်းဇုန်သစ်သီးများစားသုံးနိုင်ရန်နှင့် ပြည်တွင်းစားသုံးသူများ အကျိုးကျေးဇူးရရှိရန်အတွက် ပြည်ပရောင်းချသူများ အကြား ယှဉ်ပြိုင်နိုင်စွမ်း အရှိန်မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် အသားတင်သွင်း ရန်လိုင်စင်ရရှိပြီး နောက် ဗီယက်နမ်စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ပိုလန်ဘလူးဘယ်ရီစိုက်ခင်းများနှင့် ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ အား စစ်ဆေးခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးရုံးက ဘလူးဘယ်ရီများသည် ၎င်းတို့၏ ကောင်းမွန်သည့် အနံ့အရသာ၊ ဗီတာမင်ပါဝင်မှုမြင့်မားခြင်း၊ အရွယ်တင်နုပျိုခြင်းနှင့် ကယ်လိုရီပါဝင်မှုနည်းပါးခြင်းတို့ကြောင့် ဗီယက်နမ်တွင် လူကြိုက်များကျော်ကြားကြောင်း ပြောကြားခဲ့သည်။

လက်တလောတွင် ရောင်းချမှုအကန့်အသတ်ရှိခြင်းနှင့် မြင့်မားသည့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်တို့ကြောင့် လတ်ဆတ်သော ဘလူးဘယ်ရီသီးများသည် ဗီယက်နမ်တွင် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄၀ မှ ၆၀ ကြားဈေးနှုန်းရှိကြောင်း သိရသည်။

ပိုလန်ဘလူးဘယ်ရီသီးများ ဝင်ရောက်လာမှုသည် ယှဉ်ပြိုင်နိုင်စွမ်းမြင့်တင်ရန်၊ ရွေးချယ်မှုများပြားရန်နှင့် ထိုကျန်းမာရေးအရ သင့်လျော်သောသစ်သီးကို ဗီယက်နမ်စားသုံးသူများ ပိုမိုစားသုံးနိုင်ရန် မျှော်မှန်းရကြောင်းသိရသည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (27.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Oct. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,028 (Shares) | 17,286,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 1,126 | 9,571,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 470 | 1,598,250 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | -200 | -2.50% | 8,000 | 8,000 | 7,800 | 50 | 392,200 | 10,400,986 | 81,128 |
| FPB | 00004 | 2,200 | -100 | -4.35% | 2,300 | 2,300 | 2,200 | 859 | 1,908,300 | 29,664,613 | 65,262 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 250 | 712,500 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 726 | 1,313,800 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 0 | 0 | 10,497,598 | 36,742 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,250 | 547 | 1,790,100 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 27th Oct. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.84 | -2.59 | -0.65% | 400.80 | 400.80 | 397.59 | 4,028 | 17,286,750 | 8 | 752,294 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 27th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 5,523 (Shares) | 21,433,400 (MMK) |

### Main Board

As of 1:00 p.m. 27th Oct. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,028 (Shares) | 17,286,750 (MMK) |

| MYANPIX | 398.84 ▼ 2.59 |
|---|---|
| Total Volume (shares) | 4,028 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,294 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 2,200 | ▼ 100 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |